http://www.dhammadownload.com



ရတနာစံဦးတိုက်

ရတနာမာရ်အောင်တောရဓမ္မရိပ်သာများ၏အဓိပတိ

## မြောက်ဦးဆရာတော်

ဟောကြားအပ်သော

# ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားတော်

http://www.dhammadownload.com


- ကိုယ့်ကိုယ်ကိုယ် ဆုံးဖြတ်ချက် ချထားရမယ်
  ဒီလူ့ဘဝရလာတာဟာ ကုသိုလ်လုပ်ဖို့ပါပဲ။
- ဒီဝိပဿနာလုပ်ငန်းစဉ်ဟာ လူကြီးလူငယ် မခွဲခြားဘဲ
  အမှန်ကျင့်ကြံအားထုတ်ရမယ့် အလုပ်ပါ။
- ကိုယ်က အပြောသမားဘဝနဲ့ အချိန်မကုန်စေဘဲ
  လက်တွေ့သမားဖြစ်အောင် ကြိုးစားရမယ်။
- ဒါကြောင့် အချိန်ရှိခိုက် လုံ့လစိုက်ပြီး
  လသာတုန်း ဗိုင်းငင်ကြပါ။
- ကိုယ်ပိုင်အလုပ်ကို ကိုယ်ကိုယ်တိုင်လုပ်ပါမှ
  ကိုယ်ပိုင်ရတယ်လို့ မှတ်ပါ။

http://www.dhammadownload.com

ရတနာမာရ်အောင်တောရ
ဓမ္မရိပ်သာများ၏ အဓိပတိ

## မြောက်ဦးဆရာတော်
## ဟောကြားအပ်သော

# ပဋိစ္စသမုပ္ပါဒ်သင်တန်းတရားတော်



(ယောဂီများအတွက်သာ)

သာသနာ ၂၅၄၁၊ ခရစ် ၁၉၉၇၊ ကောဇာ ၁၃၅၉


http://www.dhammadownload.com

၁၉၉၇ ခုနှစ်၊ ဩဂုတ်လ
ပထမအကြိမ် * ၃၀၀၀ အုပ်
၂၀၁၃ ခုနှစ်၊ စက်တင်ဘာလ
ဒုတိယအကြိမ် * ၁၀၀၀ အုပ်

# ဓမ္မဒါန

ရန်ကုန်
**ဒါယကာ၊ ဒါယိကာမများမှ**
လှူဒါန်းထုတ်ဝေသည်။

http://www.dhammadownload.com



ကမ္မဋ္ဌာနာစရိယ အရှင်ဝါယာမိန္ဒ
ရတနာမာရ်အောင်တောရဓမ္မရိပ်သာ၊ ပုလဲမြို့သစ်၊ မင်္ဂလာဒုံမြို့နယ်။

http://www.dhammadownload.com

# နိဒါန်း

ဤသေးငယ်လှစွာသော စာအုပ်ငယ်ကို ထုတ်ဝေရခြင်းသည် ပဋိစ္စသမုပ္ပါဒ်နှင့်ပတ်သက် လာရင် ဖြေတတ်အောင်၊ ဘယ်ဆရာတွေပဲ ဟောဟော နားလည်လွယ်အောင်အတွက် ရန်ကုန်ရောက် တပည့် ဒကာ,ဒကာမများမှ တောင်းဆိုခြင်းကြောင့်လည်းကောင်း၊ လူကြီး လူငယ် ဘယ်ပုဂ္ဂိုလ်မဆို တရားစခန်းဝင်သည် ဖြစ်စေ၊ မဝင်သည်ဖြစ်စေ ဒီသစ္စာ ၄ ပါးနှင့် ပတ်သက်လာရင် နားလည်စေဖို့ ဝိပဿနာ တရား ပွားများတတ်ဖို့ကို ရည်ရွယ်ခြင်း၊ ဝိပဿနာတရားတော်ကို နာကြားပြီး လက်တွေ့ကျင့်သုံးခြင်းဖြင့် မိမိတို့ လက်ရှိဘဝကို မြှင့်တင်ပြီး အမတသုခခေါ် အလွန်တရာ ငြိမ်းအေးလှတဲ့ နိဗ္ဗာနဓာတ်ကို မျက်မှောက်ပြုနိုင်

http://www.dhammadownload.com

အောင် ကျင့်ဆောင်နိုင်ဖို့ ဒါမှ မိမိတို့သည် လူဖြစ်ကျိုးနပ်ပြီး အပါယ်ဘေးမှ ကင်းလွတ်၍ အရိယာဘဝကိုရကာ ဘုရားသာသနာနှင့် တွေ့ရ ကျိုးနပ်တော့မှာပေါ့။ ဒီလိုမှမဟုတ်ဘဲ လောကီ ကိစ္စအဝဝတွေနဲ့ အချိန်ဖြုန်းနေကြမယ်ဆိုရင် သေခါနီးဝယ် ပူပန်မှုမြောက်မြားစွာတွေ့ပြီး မကောင်းသောသေခြင်းဖြင့် သေရပါမှု လူဖြစ် ရှုံးကြမှာ မလွဲတော့ပေ။

ဒါကြောင့် ယခုလို လူ့ဘဝကိုရခိုက်၊ သာသနာနှင့် တွေ့ကြုံခိုက် သူတော်ကောင်း တရား အမြိုက်နိဗ္ဗာန်ကို မျက်မှောက်ပြုနိုင်ဖို့ ရန် အားသွန်ခွန်စိုက် မှတ်လိုက်ကြပါ ပွားလိုက် ကြပါလို့ အကြိမ်ကြိမ်တိုက်တွန်းလျက်–

**ဘဒ္ဒန္တဝါယာမိန္ဒ**
**(ကမ္မဋ္ဌာနာစရိယ–နတ်လှည့်သာသနာပြု)**
**ရတနာမာရ်အောင်တောရဓမ္မရိပ်သာ**
**ပဓာနစရိယ**
**မြောက်ဦးမြို့၊ ရခိုင်ပြည်နယ်။**

http://www.dhammadownload.com

# အခြေခံပဋိစ္စသမုပ္ပာဒ် သင်တန်းတရားတော်

ကဲ... ဒီနေ့ တရားစခန်းဝင် ရောက်ရှိလာကြတဲ့ ယောဂီသူတော်စင်တို့အနေအားဖြင့် မြတ်ဗုဒ္ဓ၏ ဟောကြားအပ်သော ပဋိစ္စသမုပ္ပာဒ်တရားတော်ကို နာကြားကြရမယ်။ ဘာတရားကို နာရမယ်။

*(ပဋိစ္စသမုပ္ပာဒ်တရားတော်ပါဘုရား)*

အေး... ဟုတ်တယ်၊ ယောဂီတို့ သိထားရမှာက ပဋိစ္စသမုပ္ပန္နလို့ ခွဲလိုက်၊ ဘယ်လိုပါလိမ့်။

*(ပဋိစ္စသမုပ္ပန္နတရားပါဘုရား)*

ပဋိစ္စဆိုတာက အကြောင်း၊ သမုပ္ပန္နဆို

http://www.dhammadownload.com



တာက အကျိုး၊ မြန်မာလိုပြန်လိုက်ရင် အကြောင်းနှင့်အကျိုး၊ ဘာတဲ့လဲ။

*(အကြောင်းနဲ့အကျိုးပါဘုရား)*

ဒီတော့ ဒီနှစ်ရပ်ကို နားလည်အောင် ထပ်ဆင့်ပြောရရင် အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်လာခြင်းကို ပဋိစ္စသမုပ္ပာဒ်လို့ခေါ်ပါတယ်။ ရှင်းရဲ့လား။

*(မှန်ပါ့ဘုရား)*

ဒါဆိုရင် ထပ်ဆင့်မေးဦးမယ်။ ပဋိစ္စသမုပ္ပာဒ်ဆိုတာ ဘာတဲ့လဲ။

*(အကြောင်းကိုစွဲ၍ အကျိုးဖြစ်ပေါ်ခြင်းကို ပဋိစ္စသမုပ္ပာဒ်ဟု ခေါ်ပါသည်ဘုရား)*

ကဲ... ဟုတ်သွားပြီ။ ဒါကြောင့် တရားနာတဲ့အခါ ပဋိစ္စသမုပ္ပာဒ် အကြောင်းအကျိုးကို သိရှိနားလည်ပြီး နာကြားလို့ရှိရင် ရှင်းကော မရှင်းဘူးလား။

http://www.dhammadownload.com



*(ရှင်းပါတယ်ဘုရား)*

ဒါဆိုရင် ယနေ့ ဟောကြားရမည့် တရားတော်ကို ခန္ဓာဉာဏ်ရောက်ပြီး သစ္စာဉာဏ်ဆိုက်အောင် နာကြားတတ်ဖို့ မလိုဘူးလား၊ လိုမှာလား။

(လိုပါတယ်ဘုရား)

ဒါက တခြားဟောလား၊ ဘုရားဟောလား။

*(ဘုရားဟောပါဘုရား)*

ဘုရားရှင် ကိုယ်တော်မြတ်ကြီးကလည်း တခြားကြည့်ဟောတာလား၊ ခန္ဓာကြည့်ဟောတာလား။

*(ခန္ဓာကြည့်ဟောပါတယ်ဘုရား)*

ခန္ဓာဆိုတာ တခြားလား၊ ပဋိစ္စသမုပ္ပါဒ်လား။

*(ပဋိစ္စသမုပ္ပါဒ်ပါဘုရား)*

ပဋိစ္စသမုပ္ပါဒ်ဆိုတာ တခြားလား၊ သံသရာ

http://www.dhammadownload.com



လား။

*(သံသရာပါဘုရား)*

သံသရာဆိုတာ တခြားလား၊ ခန္ဓာလား။

*(ခန္ဓာပါဘုရား)*

ဒါဆိုရင် ခန္ဓာသည် ပဋိစ္စသမုပ္ပာဒ်၊ ပဋိစ္စသမုပ္ပာဒ်သည် ခန္ဓာ။ ခန္ဓာသည် သံသရာလို့ မဟောဘူးလား၊ ဟောသလား။

*(ဟောပါတယ်ဘုရား)*

ဒါကြောင့် ဘုန်းကြီးတို့က နားလည်စေချင်တဲ့ဆန္ဒနဲ့ ကျေးဇူးတော်ရှင် အဂ္ဂမဟာပဏ္ဍိတ မိုးကုတ်ဆရာတော်ဘုရားကြီး၏ ဉာဏ်တော်ကို ဦးထိပ်ထား၍ ဟောကြားပါ့မယ်။

*(မှန်လှပါဘုရား)*

ဒီ မိုးကုတ်ဆရာတော်ကကော တခြားမှုလား၊ ဘုရားမှုလား။

*(ဘုရားမှုပါဘုရား)*

http://www.dhammadownload.com



ဒါဆို ယခု ဘုန်းကြီးတို့ ဟာကြားအပ်သောတရားဟာ ဘယ်သူဟောတဲ့တရားပါလိမ့်။

*(ဘုရားဟောတရားပါ ဘုရား)*

အေး…ဟုတ်တယ်၊ ဘုရားမူတော့ မပျောက်ဖို့ လိုတယ်နော်။ တော်ကြာရင် ရတနာမာရ်အောင် ဆရာတော်ဟောတော့ ရတနာ့မာရ်အောင်တရားတော် မဖြစ်စေချင်ဘူး။

*(မှန်လှပါဘုရား)*

ဒါဆိုရင် ယောဂီတို့ကို ထပ်မေးပါ့မယ်၊ ဘယ်ပုဂ္ဂိုလ်ဟောတဲ့ တရားပါလိမ့်။

*(မြတ်ဗုဒ္ဓဟောတဲ့ တရားပါဘုရား)*

ဒါဆို ခုရှင်းမှ နောင်ရှင်းမယ်၊ သဘောကျတယ်နော်။

*(ကျပါတယ်ဘုရား)*

ကဲ… ဒါကြောင့် ပဋိစ္စသမုပ္ပါဒ် စက်ဝိုင်းကြီးကိုကြည့်ပြီး ဟောကြရအောင်၊ ဘာကိုကြည့်

http://www.dhammadownload.com



ထားရမယ်။

*(စက်ဝိုင်းကိုပါ ဘုရား)*

ဟုတ်တယ်... ဟုတ်တယ်။ ဒီစက်ဝိုင်းကြီး၏အောက်ဝယ် လင်္ကာနှစ်ပိုဒ်ရှိတယ်၊ တွေ့ကော တွေ့ရဲ့လား။

*(တွေ့ပါတယ်ဘုရား)*

ဒီတော့ အောက်ကလင်္ကာကို ဆိုကြကြရအောင်။

**"မူလနှစ်ဖြာ၊ သစ္စာနှစ်ခု၊ လေးခုအလွှာ၊ အင်္ဂါဆယ့်နှစ်ပါး၊ တရားကိုယ်များနှင့်၊ သုံးပါးအစစ်၊ နှစ်ရပ်မူလ၊ ဝဋ္ဋသုံးဝဋ္ဋနှင့်၊ ကာလသုံးဖြာ၊ ခြင်းရာနှစ်ဆယ်၊ ဤရှစ်သွယ်ကို၊ အလွတ်ကျက်မှတ်၊ သိစေအပ်သည်၊ သံသရာမှ၊ လွတ်ကြောင်းတည်းပါ ဘုရား"**

ဟုတ်တယ်၊ ဒီလင်္ကာအရ မေးပါ့မယ်၊ မူလနှစ်ဖြာဆိုတာ ဘာနှင့်ဘာ-ဘာလိမ့်။

http://www.dhammadownload.com



*(အဝိဇ္ဇာနှင့်တဏှာပါ ဘုရား)*

ဒါဆိုရင် သစ္စာနှစ်ပါး ဆိုတာကကော။

*(သမုဒယသစ္စာနှင့် ဒုက္ခသစ္စာပါဘုရား)*

ဒါက စက်ဝိုင်းဒေသနာတော်အရ တူရာ ပေါင်းလိုက်တော့ သစ္စာနှစ်ပါးပဲရှိတယ်မဟုတ်လား။

*(ဟုတ်ပါတယ်ဘုရား)*

ကဲ... ဒါဆိုရင် "လေးခုအလွှာ"ဆိုတာက ဘာတွေပါလိမ့်။

*(အတိတ်အကြောင်းအလွှာ၊ ပစ္စုပ္ပန်အကျိုးအလွှာ၊ ပစ္စုပ္ပန်အကြောင်းတစ်လွှာ၊ အနာဂတ်အကျိုးတစ်လွှာ၊ ပေါင်းလိုက်တော့ အလွှာလေးပါးပါ ဘုရား)*

အလွှာဆိုတာ တခြားလား၊ အဖုံးလား။

*(အဖုံးပါဘုရား)*

သံသရာမှာ သစ္စာမသိအောင် ဖုံးလွှမ်း

http://www.dhammadownload.com



ထားခြင်းလို့ ခေါ်တာပေါ့။

*(မှန်ပါ့ဘုရား)*

ပဋိစ္စသမုပ္ပါဒ်ဒေသနာတော်အား အင်္ဂါဆယ့်နှစ်ပါးလို့ ဘုရားဟောထားလေတော့ အဲဒီ အင်္ဂါဆယ့်နှစ်ပါးက ဘာတွေပါလိမ့်။

*(အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ မရဏ ပေါင်းလိုက်တော့ အင်္ဂါဆယ့်နှစ်ပါးပါဘုရား)*

ဩော်... ကြည့်စမ်း ကြည့်စမ်း၊ ဒီတရားတွေဟာ ဘုန်းကြီးက ဉာဏ်ဆင်တာလား၊ တကယ်ရှိတာလား။

*(တကယ်ရှိပါတယ်ဘုရား)*

ကဲ... ဒါဆိုရင် ခဏလေးနေပါဦးဟဲ့။ ဒီအင်္ဂါဆယ်နှစ်ပါးကို မြန်မာလိုသိဖို့ မလိုဘူးလား၊ လိုသလား။

http://www.dhammadownload.com



*(လိုပါတယ်ဘုရား)*

ဒါဆိုရင် အဝိဇ္ဇာဆိုတာ မြန်မာလို ဘာပါလိမ့်။

*(မသိတာပါဘုရား)*

သင်္ခါရဆိုတာကကော။

*(ပြုလုပ်တာပါဘုရား)*

ဝိညာဏ်ဆိုတာကကော။

*(ပဋိသန္ဓေဝိညာဏ်ပါဘုရား)*

နာမ်ရုပ်ဆိုတာကကော။

*(ပဋိသန္ဓေနာမ်ရုပ်ပါဘုရား)*

ဟုတ်ပြီ၊ ဒါဆိုရင် သဠာယတနဆိုတာက ဘာတွေပါလိမ့်။

*(အကြည်ခြောက်ပါးပါဘုရား)*

အကြည်ခြောက်ပါးက ဘာတွေပါလိမ့်။

*(မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်ပါဘုရား)*

http://www.dhammadownload.com



ကဲ… ဒါဆိုရင် ဖဿဆိုတာက ဘာပါလိမ့်။

*(တွေ့ထိတာပါဘုရား)*

ဝေဒနာဆိုတာကကော။

*(ခံစားတာပါဘုရား)*

တဏှာဆိုတာကကော။

*(တပ်မက်တာပါဘုရား)*

ဥပါဒါန်ဆိုတာကကော။

*(စွဲလမ်းတာပါဘုရား)*

ကမ္မဘဝဆိုတာ။

*(အားထုတ်တာပါဘုရား)*

ဒါဆို ဇာတိဆိုတာက ဘာတွေပါလိမ့်။

*(ပဋိသန္ဓေနေတာပါဘုရား)*

ဟုတ်ပြီ၊ ဒါဆို ဇရာ မရဏဆိုတာက။

*(အို, သေပါဘုရား)*

ကဲ… ဟုတ်ပြီ၊ နောက်ထပ် ဘာတဲ့လဲ၊

http://www.dhammadownload.com



သုံးပါးအစပ်၊ ဘာတဲ့လဲ။

*(သုံးပါးအစပ်ပါဘုရား)*

သုံးပါးအစပ်ဆိုတာက ဘာတွေပါလိမ့်။

*(သင်္ခါရနှင့် ဝိညာဏ်က တစ်စပ်ပါဘုရား)*

ဒါဆိုရင် ဝေဒနာနှင့် တဏှာက။

*(တစ်စပ်ပါဘုရား)*

ပြီးတော့။

*(ကမ္မဘဝနှင့် ဇာတိက တစ်စပ်ပါဘုရား)*

ပြီးတော့။

*(အတိတ်အကြောင်း သင်္ခါရနှင့် ပစ္စုပ္ပန် အကျိုးဝိညာဏ်က တစ်စပ်ပါဘုရား)*

ရှေ့သွားလိုက်ပါဦး။

(ပစ္စုပ္ပန်အကျိုးဝေဒနာနှင့် ပစ္စုပ္ပန်အကြောင်း တဏှာက တစ်စပ်ပါဘုရား၊ ပစ္စုပ္ပန်အကြောင်း ကမ္မဘဝနှင့် အနာဂတ်အကျိုး ဇာတိက တစ်စပ် ပါဘုရား)

http://www.dhammadownload.com



ဒါဆို အတိတ်အကြောင်းနှင့် ပစ္စုပ္ပန် အကျိုး တစ်စပ်ပေါ့။

(မှန်လှပါဘုရား)

ပစ္စုပ္ပန်အကျိုးနှင့် ပစ္စုပ္ပန်အကြောင်း တစ်စပ် ဟုတ်ရဲ့လား။ ပစ္စုပ္ပန်အကြောင်းနှင့် အနာဂတ်အကျိုးလို့ကော မရှိဘူးလား။

(ရှိပါတယ်ဘုရား)

အေး... မှန်တယ်၊ ဒီထက်ရှင်းပြရင် လွန်လေပြီးသော အတိတ်ဘဝနှင့် ယခုပစ္စုပ္ပန်ဘဝ တစ်စပ်၊ ပစ္စုပ္ပန်ဘဝအကြောင်းနှင့် အနာဂတ် ဘဝတစ်စပ် စသည်အားဖြင့် ဆက်စပ်မှုသည် ရှိသလား၊ မရှိဘူးလား။

(ရှိပါတယ်ဘုရား)

အစပ်ဆိုတာကလည်း တစ်ဘဝနှင့် တစ် ဘဝကို အမြဲမပြတ် နှောင်တွယ်စေတတ်သော ဆက်စပ်မှုသဘောကို အစပ်လို့ခေါ်တယ်ပေါ့။

http://www.dhammadownload.com



နားလည်တယ်နော်။

*(လည်ပါ့ဘုရား)*

ဒီအစပ်မှာလည်း အတိတ်၊ သင်္ခါရနှင့် ယခု အကျိုး ဝိညာဏ်ကို အသေစပ်လို့လည်း ခေါ်တယ်။ ယခု အကျိုးဝေဒနာနှင့် အကြောင်း တဏှာကိုတော့ အရှင်စပ်လို့ခေါ်တယ်။

အကြောင်းကမ္မဘဝနှင့် နောင် အကျိုး ဇာတိကိုတော့ အသေစပ်လို့ခေါ်တယ်။ အားလုံး နားလည်တယ်နော်။

*(လည်ပါတယ်ဘုရား)*

ပြီးတော့ နောက်ထပ် ဘာတဲ့လဲ။

*(နှစ်ရပ်မူလပါဘုရား)*

ဘာနှင့်ဘာပါလိမ့်။

*(အဝိဇ္ဇာနှင့် တဏှာပါဘုရား)*

အေး...ဒီနှစ်ရပ်မူလဆိုတော့ မူလနှစ်ဖြာနဲ့ အတူတူပဲမဟုတ်လား။ ဘာကြောင့် ထပ်ဆိုရ

http://www.dhammadownload.com



သလဲဆိုတော့ အဝိဇ္ဇာနှင့် တဏှာသည် မူလ နှစ်ပါး ဖြစ်ကြသော်လည်း ရပ်တည်ပုံချင်းက ကွာခြားနေတယ်။ ကြည့်လေ... အဝိဇ္ဇာသည် လွန်လေပြီးသော အတိတ်ကာလက မူလဖြစ် ပြီးတော့ တဏှာကျတော့ ယခုဖြစ်ဆဲ ပစ္စုပ္ပန် ကာလမှာ မူလတရား ဖြစ်နေသောကြောင့် ရပ်တည်ခြင်းကွာခြားနေ၍ တဏှာနှင့် အဝိဇ္ဇာ ကို နှစ်ရပ်မူလလို့ ဘုရားရှင်က မိန့်ကြားတာ ပါပဲ။ နားလည်တယ်နော်။

*(လည်ပါတယ်ဘုရား)*

ကိုင်း... ရှေ့ဆက်ပြီးတော့ ဘာရှိသေး သလဲ။

*(ဝဋ်သုံးဝဋ်ပါဘုရား)*

ဝဋ်သုံးဝဋ်က ဘာတွေပါလိမ့်။

*(ကိလေသာဝဋ်၊ ကမ္မဝဋ်၊ ဝိပါကဝဋ်၊ ပေါင်း သုံးပါးပါဘုရား)*

http://www.dhammadownload.com



ဒါဆိုရင် ကိလေသာဝဋ်က ဘယ်နှစ်ပါး ပါလိမ့်။

*(သုံးပါးပါဘုရား)*

ဘာတွေလဲ။

*(အဝိဇ္ဇာ၊ တဏှာ၊ ဥပါဒါန်ဟူ၍ သုံးပါး ပါဘုရား)*

ကမ္မဝဋ်ကကော။

*(နှစ်ပါးပါဘုရား)*

ဘာနှင့်ဘာပါလိမ့်။

*(သင်္ခါရနှင့် ကမ္မဘဝပါဘုရား)*

ဒါဆိုရင် ဝိပါကဝဋ်ကကော ဘယ်နှစ်ပါး ပါလိမ့်။

*(ရှစ်ပါးပါဘုရား)*

ဘာတွေတဲ့လဲ။

*(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဥပပတ္တိဘဝ၊ ဇရာမရဏ၊*

http://www.dhammadownload.com



*ပေါင်းတော့ ရှစ်ပါးပါဘုရား)*

အေး...ရှစ်ပါးက အားလုံး ၃၁ ဘုံကို ခြုံပြီး မိန့်ထားတာနော်။

ဒီတော့ တို့လူတွေကျတော့ ဥပပတ္တိဘဝ နှင့် မဆိုင်ဘူးနော်။

*(မှန်ပါ့ဘုရား)*

ဘာကြောင့်လဲဆိုတော့ နတ်တွေမှ မဟုတ် ဘဲ။ နတ်တွေဟာ လူတွေလို မဟုတ်ဘူး။ ဒီဘဝမှ စုတိစိတ်ကျတာနဲ့ နတ်ပြည်မှာ ၁၆ နှစ်သားသမီးအရွယ် ဘွားခနဲဆိုရင် ဖြစ်သွား ကြတယ်။ သေရင်လည်း ဖြုတ်ဆို ပျောက် ကွယ်သွားကြတယ်။ လူတွေလို အလောင်းကောင် ကိုထမ်းပြီး သုသာန်ကို မပို့ရဘူးပေါ့။ ရှင်းရဲ့ လား။

*(ရှင်းပါတယ်ဘုရား)*

ဒါကြောင့် လူတွေအတွက် ဥပပတ္တိဘဝကို

http://www.dhammadownload.com



ဒီနေရာမှာ မဆိုင်တော့ မယူရဘူးပေါ့။ ဟိုရှေ့မှာ ဘာတဲ့လဲ။

*(ဇရာမရဏပါဘုရား)*

ဒီနှစ်လုံးကို ခွဲလိုက်ရင် ဇရာနဲ့ မရဏလို့ နှစ်ခုထွက်လာတယ်။ ဒီတော့ အားလုံးပေါင်းလိုက်ရင် ယခုဘဝမှာ ဝဋ်ဘယ်နှစ်ပါးပါလိမ့်။

*(ဝိပါကဝဋ် ရှစ်ပါးပါဘုရား)*

အေး...မှန်တယ်။ ရှေ့မှာ ဘာသုံးပါးပါလိမ့်။

*(ကာလသုံးဖြာပါဘုရား)*

ကာလသုံးပါးက လွန်လေပြီးသောအတိတ်ကာလ၊ ပြီးတော့ ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၊ နောင်ဖြစ်လတ္တံ့ အနာဂတ်ကာလ၊ ပေါင်းရင်–

*(ကာလသုံးပါးပါဘုရား)*

နောက် ဘာနှစ်ဆယ်တဲ့လဲ။

*(အခြင်းရာ နှစ်ဆယ်ပါဘုရား)*

http://www.dhammadownload.com



ကဲ...ဒါဆိုရင် အခြင်းရာ နှစ်ဆယ်မှာ အတိတ်အကြောင်းအခြင်းအရာက–

(ငါးပါးပါ ဘုရား)

ပစ္စုပ္ပန်အကျိုး အခြင်းအရာက–

(ငါးပါးပါ ဘုရား)

ပစ္စုပ္ပန်အကြောင်းအခြင်းအရာက–

(ငါးပါးပါ ဘုရား)

အနာဂတ်အကျိုးအခြင်းအရာက–

(ငါးပါးပါ ဘုရား)

ဒါဆိုရင် ငါးလေးလီ–

(နှစ်ဆယ်ပါဘုရား)

အတိတ်အကြောင်း အခြင်းအရာ ငါးပါးက အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝ၊ ပေါင်းတော့–

(ငါးပါးပါ ဘုရား)

ပစ္စုပ္ပန်အကျိုးအခြင်းအရာ ငါးပါးကတော့

http://www.dhammadownload.com



ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ပေါင်းရင်–

*(ငါးပါးပါ ဘုရား)*

ဒါဆိုရင် ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါးက တဏှာ၊ ဥပါဒါန်၊ ဘဝ၊ အဝိဇ္ဇာ၊ သင်္ခါရ၊ ပေါင်းလိုက်တော့–

*(ငါးပါးပါ ဘုရား)*

ကဲ...ဒါဆိုရင် အနာဂတ်အကျိုးအခြင်းအရာ ငါးပါးက ဘာတွေတဲ့လဲ။

*(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာတည်းဟူသော ငါးပါးပါဘုရား)*

အားလုံးပေါင်းရင် အတိတ်အကြောင်း အခြင်းအရာ ငါးပါး၊ ပစ္စုပ္ပန်အကျိုးအခြင်း အရာငါးပါး၊ ပစ္စုပ္ပန်အကြောင်းအခြင်းအရာ ငါးပါး၊ အနာဂတ် အကျိုးအခြင်းအရာငါးပါး၊ ပေါင်းတော့–

http://www.dhammadownload.com



*(အခြင်းအရာ နှစ်ဆယ်ပါဘုရား)*

ဟာ…ဒါဆို တို့ယောဂီတွေ သိပ်ကုသိုလ်တွေထူးသွားကြပြီပေါ့။ ဒီတော့ ဘုန်းကြီးတို့ ဒကာ,ဒကာမတွေ… ဒီပဋိစ္စသမုပ္ပာဒ်ဒေသနာတော်ကြီးကို ပြန်လည်ပြီး သုံးသပ်ကြရအောင်။

စက်ဝိုင်းတည့်တည့်မှာရှိတဲ့ အဝိဇ္ဇာ၊ တဏှာ မူလနှစ်ပါးကို သိသာအောင် နှလုံးသွင်းကြစို့။

*(တင်ပါ့ဘုရား)*

နှလုံးသွင်း မှန်မှန်ထားနော်။

*(မှန်ပါဘုရား)*

ဒီမှာကြည့်စမ်းပါ၊ အဝိဇ္ဇာမူလအဖြစ်နဲ့ တရားကိုယ်ဘယ်နှစ်ပါးရနိုင်ပါသလဲဆိုတော့–

*(ခုနစ်ပါးရတယ်)*

ဘယ်နှစ်ပါးတဲ့လဲ။

*(ခုနစ်ပါးပါ ဘုရား)*

ခုနစ်ပါးက–

http://www.dhammadownload.com



*(အဝိဇ္ဇာ၊ သင်္ခါရ၊ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူ၍ ခုနစ်ပါး ဖြစ်ပါတယ်ဘုရား)*

အေး… ဟုတ်တယ်၊ ဒါဆိုတော့ နောက် တဏှာမူလအဖြစ်နဲ့ တရားကိုယ် ဘယ်နှစ်ပါး ရနိုင်ပါသလဲဆိုတော့ ငါးပါးရနိုင်တယ်၊ ဘယ် နှစ်ပါးပါလိမ့်။

*(ငါးပါးပါ ဘုရား)*

ငါးပါးကို ရေတွက်ပြပါဆိုရင်–

*(တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝ၊ ဇာတိ၊ ဇရာ မရဏဟူ၍ ငါးပါးရပါတယ်ဘုရား)*

ဟုတ်တယ်… ဟုတ်တယ်။ ကြည့်လေ… အဝိဇ္ဇာမူလအဖြစ်နဲ့ တရားကိုယ်က ခုနစ်ပါး၊ တဏှာမူလအဖြစ်နဲ့ တရားကိုယ်က ငါးပါး၊ နှစ်ရပ်ပေါင်းလိုက်တော့ ဘယ်နှစ်ပါးရပါလိမ့်။

*(ဆယ့်နှစ်ပါး ရပါတယ်ဘုရား)*

http://www.dhammadownload.com



အေး... ဟုတ်တယ်၊ သိပ်ပြည့်စုံသွားပြီ နော်။ ကဲ... ဒါဆိုရင် အင်္ဂါဆယ့်နှစ်ပါးလုံးကို အလွှာနည်းနှင့်လည်း သစ္စာဖွဲ့ကြရအောင်၊ ဟုတ်ကဲ့လား။

*(မှန်လှပါဘုရား)*

စိတ်ကလေးတွေ အပြင်ကို မထွက်စေနဲ့ နော်၊ ပဋိစ္စသမုပ္ပာဒ် စက်ဝိုင်းကြီးအပေါ်မှာ နှလုံးသွင်းထားပါ။ နားလည်တယ်နော်။

*(နားလည်ပါတယ်ဘုရား)*

အဝိဇ္ဇာသင်္ခါရသည် အတိတ်အကြောင်း တစ်လွှာဖြစ်သောကြောင့် ဘာသစ္စာပါလိမ့်။

*(သမုဒယသစ္စာပါဘုရား)*

ကဲ... ဟုတ်ပြီ၊ ဒီတော့ ကြည့်စမ်း၊ ဒီမှာ ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာဟူသော ငါးပါးသည် ပစ္စုပ္ပန်အကျိုး တစ်လွှာ ဖြစ်သောကြောင့် ဘာသစ္စာပါလိမ့်၊

http://www.dhammadownload.com



ဒီမှာ ကြည့်ဖြေပါ၊ ဘာတဲ့လဲ။

*(ဒုက္ခသစ္စာပါဘုရား)*

ဟုတ်ပြီ၊ ဒါလည်းမှန်တယ်၊ ဒါဆိုတော့ ဟောဒီမှာ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝသည် ပစ္စုပ္ပန်အကြောင်း ဖြစ်သောကြောင့် သူ့ကို လည်း ဘာသစ္စာလို့ခေါ်ပါလိမ့်။

*(သမုဒယသစ္စာပါဘုရား)*

ဟုတ်ပြီ၊ တို့ယောဂီတို့က တော်တော် နားလည်လာပြီပေါ့နော်။

ဒီမှာ ကြည့်ကြပါဦး၊ ဇာတိနှင့် ဇရာမရဏ သည်လည်းပဲ အနာဂတ်အကျိုးတစ်လွှာ ဖြစ် သောကြောင့် သူတို့ကိုကော ဘာသစ္စာလို့ ခေါ် ပါလိမ့်။

*(ဒုက္ခသစ္စာလို့ ခေါ်ပါတယ်ဘုရား)*

အေး...ဟုတ်ပြီ၊ အလွှာလေးပါးကို သစ္စာ နည်းနဲ့လည်း သိထားတော့ ယောဂီတို့အတွက်

http://www.dhammadownload.com



အလွန်တန်ဖိုးမကြီးမားပေဘူးလား။

*(တန်ဖိုးကြီးမားပါတယ်ဘုရား)*

ကဲ... ဆက်ပြီးတော့ ဟောကြရအောင်၊ စက်ဝိုင်းမှာ လင်္ကာနှစ်ပိုဒ်ဝယ် အထက်က လင်္ကာကို တိကျစွာဆိုကြပါဦး။

**"အဝိဇ္ဇာနှင့် တဏှာရင်းခံ၊ ဥပါဒါန်၊ ကံကြောင့် ရုပ်နာမ်ပေါ်၊ အပင်မှမျိုး၊ မျိုးမှအပင်၊ အမျှင်မပြတ်၊ ဆက်စပ်သည့်ဟန်၊ ကံကြောင့်နာမ်ရုပ်၊ ရုပ်နာမ်ကြောင့်ကံ၊ အဖန်ဖန်ဖြစ်ပြန်နည်းအားလျော်၊ ပြဟ္မာသိကြား စသည်များကထင်ရှားပြုပြင်၊ စီရင်ဖန်ဆင်း၊ အကြောင်းရင်းကြောင့်၊ လူနတ်များစွာ၊ သတ္တဝါတို့ဖြစ်လာရမူ၊ မဟုတ်ဟုဉာဏ်ဖြင့် ရှု၍မျှော်"**

ကဲ...တို့ယောဂီတို့ကို ဒီလင်္ကာအရ မေးပါ့မယ်၊ နှလုံးသွင်းထားပါ။ ဒီလင်္ကာ၌ အဝိဇ္ဇာကြောင့် နာမ်ရုပ်ပေါ်ရတယ်လို့ ဆိုရာဝယ်

http://www.dhammadownload.com



ဒီနာမ်ရုပ် ရခြင်း၏ အကြောင်းတရားကိုယ် ငါးပါးရှိတယ်ဟု မိန့်တော်မူထားတယ်။ နားလည်တယ်နော်။

*(လည်ပါတယ်ဘုရား)*

ဒါဆိုရင် ဘယ်ငါးပါးကို ဘုရားရှင် မိန့်တော်မူပါလိမ့်။

*(အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဟူသော ငါးပါးကို ဟောတော်မူပါတယ်ဘုရား)*

ကဲ...ဟုတ်သွားပြီ၊ ထိုအကြောင်းတရားကိုယ် ငါးပါးရှိတယ်ဆိုတော့ နာမ်ရုပ်ဖြစ်ရခြင်း၏ အကျိုးတရားကိုကော ဘယ်နှစ်ပါး ရနိုင်ပါသလဲ။ ရမ်းမဖြေပါနဲ့၊ အာရုံပြုဖြေပါ။

*(ခုနစ်ပါး ရနိုင်ပါတယ်ဘုရား)*

ဒါဆိုရင် ဘယ်တရားတွေပါလိမ့်။

*(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊*

http://www.dhammadownload.com



*ဝေဒနာ၊ ဇာတိ၊ ဇရာ မရဏာဟူ၍ ခုနစ်ပါး ရပါတယ်ဘုရား)*

ဟာ…သိပ်ဟုတ်တာပေါ့။

ဒီတော့ အကြောင်းတရားကိုယ်က ငါးပါး၊ အကျိုးတရားကိုယ်က ခုနစ်ပါး၊ ပေါင်းလိုက်တော့ ဘယ်နှစ်ပါးပါလိမ့်။

*(ဆယ့်နှစ်ပါး ရပါတယ်ဘုရား)*

ဟုတ်ပြီ၊ ဒါဆိုရင် အကြောင်းအကျိုး နှစ်ရပ်ပေါင်းရင် အင်္ဂါဆယ့်နှစ်ပါး မဖြစ်ဘူးလား။

*(ဖြစ်ပါတယ်ဘုရား)*

ကဲ…ဆက်ပြောချင်တာက ဟောဒီမှာ အင်္ဂါဆယ့်နှစ်ပါးကို သစ္စာနည်းတွေနဲ့လည်း ဝေဝေဆာဆာ တန်ဆာဆင်ကြရအောင်နော်။

*(တင်ပါ့ဘုရား)*

ပဋိစ္စသမုပ္ပာဒ် တရားကိုယ်ဆယ့်နှစ်ပါးကို

http://www.dhammadownload.com



အသီးသီး သစ္စာထိုက်ပုံများကို နားလည်ထားကြရမယ်။ သဘောပေါက်ရဲ့လား။

*(ပေါက်ပါတယ်ဘုရား)*

ဒါဆို အင်္ဂါ ၁၂ ပါးမှာ သမုဒယသစ္စာထိုက်တဲ့ တရားကိုယ် ဘယ်နှစ်ပါးပါလဲ။

*(ငါးပါးရှိပါတယ် ဘုရား)*

ဘာတွေလဲ ထောက်ပြပါဦး။

*(အဝိဇ္ဇာ၊ သင်္ခါရ၊ တဏှာ၊ ဥပါဒါန်၊ ဘဝဟူ၍ ငါးပါးရပါတယ် ဘုရား)*

မှတ်ထားပါ ယောဂီ၊ ကဲ..ကြည့်စမ်းပါဦး။ ဒီတရားကိုယ်တွေဟာ ဘာသစ္စာထိုက်တဲ့ တရားတွေတဲ့လဲ။

*(သမုဒယသစ္စာထိုက်တဲ့ တရားတွေပါ ဘုရား)*

ဒါဆို အကြောင်းရှိရင် အကျိုးရှိစမြဲလို့ မိန့်ထားလေတော့ အကျိုးဖြစ်တဲ့ ဒုက္ခသစ္စာ

http://www.dhammadownload.com



ထိုက်တဲ့တရား ရှိ မရှိ။

*(ရှိပါတယ်ဘုရား)*

အေး–ဒီအကျိုးဖြစ်တဲ့ ဒုက္ခသစ္စာထိုက်တဲ့ တရားကကော ဘယ်နှစ်ပါးရှိပါသလဲ။

*(ဒုက္ခသစ္စာထိုက်တဲ့တရား ခုနစ်ပါးရပါတယ်ဘုရား)*

ဉာဏ်ကလေးနဲ့ကြည့်ပြီး ထောက်ပြပါဦး။ ဒီမှာကြည့်ဖြေပါနော်။ ဘာတဲ့လဲ။

*(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ ဇာတိ၊ ဇရာ မရဏဟူ၍ ခုနစ်ပါး ရပါတယ်ဘုရား)*

ဒါလည်း မှန်သွားပြီပေါ့။ ဒါဆိုရင် သမုဒယ သစ္စာထိုက်တဲ့ တရားကိုယ်က–

*(ငါးပါးပါဘုရား)*

ဒုက္ခသစ္စာထိုက်တဲ့တရားက–

*(ခုနစ်ပါးပါဘုရား)*

http://www.dhammadownload.com



ဒီနှစ်ရပ်ပေါင်းလိုက်တော့ တရားကိုယ် ဘယ်နှစ်ပါး ရသွားသလဲ။

*(၁၂ ပါးပါဘုရား)*

ဒီ ၁၂ ပါးကို ဘယ်လိုဟောထားပါလိမ့်။

*(ပဋိစ္စသမုပ္ပါဒ် အင်္ဂါ ၁၂ ပါးလို့ ဟောထားပါတယ်ဘုရား)*

ကဲ... ဒီကနေ့ ယောဂီတို့ဟာ အဝိဇ္ဇာနှင့် တဏှာအရင်းခံစသော လက်ာပိုဒ်အရပေါ့လေ၊ အကြောင်းအကျိုး ဆက်စပ်ပုံတွေကို သိဘင့် သလောက်တော့ သိနားလည်လာပါပြီ။

ဒါပေမယ့် "အပင်မှမျိုး၊ မျိုးမှအပင် ဖြစ်ပုံ"ကံကြောင့် နာမ်ရုပ်၊ နာမ်ရုပ်ကြောင့် ကံဖြစ်ပုံ၊ အကြောင်းနှင့်အကျိုး ဆက်စပ်ပုံ တွေကို ဖြေကြားရမှာ ဖြစ်ပါတယ်။ ဟုတ်ကဲ့ လား။

*(မှန်ပါ့ဘုရား)*

http://www.dhammadownload.com



ကဲ...ဒါဆိုတော့ ဇရာ မရဏကို ထောက်ထားပါ။ နားလည်တယ်နော်။

*(မှန်ပါ့ဘုရား)*

ဇရာ မရဏဆိုတာ မြန်မာလို ဘာခေါ်ပါလိမ့်။

*(အိုမှုနှင့် သေမှုပါဘုရား)*

မှန်တယ်၊ ဒီတော့ ဟောဒီ ဇရာမရဏဆိုတဲ့ အို၊ သေ တရားဟာ မိမိပြုတာလား။

*(မဟုတ်ပါဘုရား)*

သူတစ်ပါးပြုတာလား။

*(မဟုတ်ပါဘုရား)*

မိမိ၊ သူတစ်ပါး နှစ်ဦးသားပြုတာလား။

*(မဟုတ်ပါဘုရား)*

ဟာ... ဒါဆိုရင် အလိုလိုဖြစ်လာသလား။

*(မဟုတ်ပါဘုရား)*

ဘယ်တရားကြောင့် ဖြစ်ပါသလဲ၊ ဖြေ

http://www.dhammadownload.com



ကြည့်ပါ။ ဒီမှာ ဘာတဲ့လဲ။

*(ဇာတိကြောင့် ဖြစ်တာပါဘုရား)*

ဟုတ်ပြီ၊ ဒီတော့ ဇာတိကို မြန်မာလို ဘာခေါ်ပါလိမ့်။

*(ပဋိသန္ဓေနေတာလို့ ခေါ်ပါတယ်ဘုရား)*

ဒါဆို ဒီပဋိသန္ဓေနေခြင်း ဇာတိကြောင့် ဇရာ မရဏတည်းဟူသော အိုသေဖြစ်ရတာပေါ့၊ ဟုတ်ရဲ့လား။

*(ဟုတ်ပါတယ်ဘုရား)*

ဒါဆိုရင် ဒီပဋိသန္ဓေဇာတိကို မိမိပြုတာလား။

*(မဟုတ်ပါဘုရား)*

သူတစ်ပါးပြုတာလား။

*(မဟုတ်ပါဘုရား)*

မိမိ၊ သူတစ်ပါး နှစ်ဦးသားပြုတာလား။

*(မဟုတ်ပါဘုရား)*

http://www.dhammadownload.com



အလိုလို ဖြစ်လာတာလား။

*(မဟုတ်ပါဘုရား)*

ဒါဆို ဘာကြောင့်များ ဖြစ်ပါလိမ့်။

*(ကမ္မဘဝတည်းဟူသောအကြောင်းကြောင့် ဖြစ်တာပါဘုရား)*

အေး၊ မှန်တယ်။ ဤကမ္မဘဝကို မြန်မာလို ဘာခေါ်ပါလိမ့်။

*(ကမ္မဘဝဆိုတာ အားထုတ်တာပါဘုရား)*

ဒါဆိုရင် ဒီခန္ဓာဟာ ဆိုးမှုကံတွေ၊ ကောင်းမှုကံတွေကို အားထုတ်လို့ ဇာတိရတယ်ဆိုတာ မှန်နေတာပေါ့နော်။

*(မှန်ပါတယ်ဘုရား)*

ဟောဒီ ကမ္မဘဝသည် မိမိပြုတာလား။

*(မဟုတ်ပါဘုရား)*

သူတစ်ပါးပြုတာလား။

*(မဟုတ်ပါဘုရား)*

http://www.dhammadownload.com



မိမိ၊ သူတစ်ပါး နှစ်ဦးသားပြုတာလား။

*(မဟုတ်ပါဘုရား)*

အလိုလိုဖြစ်တာလား။

*(မဟုတ်ပါဘုရား)*

ဘာကြောင့်ပါလိမ့်။

*(စွဲလမ်းခြင်း ဥပါဒါန်ကြောင့် ဖြစ်တာပါဘုရား)*

စွဲလမ်းလို့ အားထုတ်ရတာပေါ့နော်၊ ဟုတ်ကဲ့လား။

*(ဟုတ်ပါတယ်ဘုရား)*

ဒီ စွဲလမ်းမှု ဥပါဒါန်ကလည်း မိမိပြုတာလည်းမဟုတ်၊ သူတစ်ပါးပြုတာလည်းမဟုတ်၊ အလိုလိုဖြစ်လာတာလည်းမဟုတ်။ အကြောင်းတဏှာကြောင့် ဖြစ်ရတယ်ပေါ့။ တဏှာဆိုတာက မြန်မာလို ဘာပါလိမ့်။

*(တပ်မက်ခြင်းကို ခေါ်ပါတယ်ဘုရား)*

http://www.dhammadownload.com



တပ်မက်မှုတဏှာကြောင့် စွဲလမ်းမှု ဖြစ်လာတယ်။ မှန်ရဲ့လား။

*(မှန်ပါတယ်ဘုရား)*

တပ်မက်မှုတဏှာကကော မိမိပြုတာလား။

*(မဟုတ်ပါဘုရား)*

သူတစ်ပါးပြုတာလား။

*(မဟုတ်ပါဘုရား)*

မိမိ၊ သူတစ်ပါး ပြုတာလား။

*(မဟုတ်ပါဘုရား)*

အလိုလိုဖြစ်တာလား။

*(မဟုတ်ပါဘုရား)*

ဘာကြောင့်ပါလိမ့်။

*(ခံစားမှုဝေဒနာကြောင့် ရတာပါဘုရား)*

ဤခံစားမှု ဝေဒနာကော အကြောင်းကင်း၍ ဖြစ်နိုင်ပါ့မလား။

*(မဖြစ်နိုင်ပါဘုရား)*

http://www.dhammadownload.com



အကြောင်းက ဘာပါလိမ့်။

*(တွေ့ထိမှု ဖဿကြောင့်ပါဘုရား)*

ဒါဆိုရင် တွေ့ထိခြင်း ဖဿကြောင့် ခံစားမှုဝေဒနာ ဖြစ်ရတာပေါ့၊ ဟုတ်ကဲ့လား။

*(ဟုတ်ပါတယ်ဘုရား)*

ဤတွေ့ထိမှု ဖဿကကော အကြောင်းကင်း၍ ဖြစ်နိုင်ပါ့မလားဆိုရင်–

*(မဖြစ်နိုင်ပါဘုရား)*

အကြောင်းက ဘာတဲ့လဲ။

*(သဠာယတနပါဘုရား)*

သဠာယတနဆိုတာ မြန်မာလို ဘာခေါ်ပါလိမ့်။

*(အကြည်ခြောက်ပါးပါဘုရား)*

အကြည်ခြောက်ပါးဆိုတာ ဘာပါလိမ့်။

*(မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူ၍ ခြောက်ပါးပါဘုရား)*

http://www.dhammadownload.com



ဟုတ်တယ်၊ ဒါဆိုရင် ဒီသဠာယတနက လည်း အလိုလိုဖြစ်လာတာမဟုတ်၊ အကြောင်း ကင်း၍ ဖြစ်ခြင်းလည်း မဟုတ်လေတော့ ဒီသဠာယတန၏ အကြောင်းက ဘာတဲ့လဲ။

*(နာမ်ရုပ်ပါဘုရား)*

နာမ်ရုပ်ဆိုတာ မြန်မာလို ဘာပါလိမ့်။

*(ပဋိသန္ဓေနာမ်ရုပ်ပါဘုရား)*

သြော်...ဒါဆိုတော့ ပဋိသန္ဓေနာမ်ရုပ်ဟူ သော အကြောင်းကြောင့် သဠာယတန ဖြစ် တာပေါ့နော်။

*(မှန်ပါဘုရား)*

ဤပဋိသန္ဓေနာမ်ရုပ်ကကော မိုးပေါ်က ကျလာတာလား။

*(မဟုတ်ပါဘုရား)*

ဒါဆို နာမ်ရုပ်၏ အကြောင်းက ဘာတဲ့ လဲ။

http://www.dhammadownload.com



*(ဝိညာဏ်ပါဘုရား)*

ဝိညာဏ်ကို မြန်မာလို ဘာခေါ်ပါလိမ့်။

*(ပဋိသန္ဓေဝိညာဏ်လို့ ခေါ်ပါတယ်ဘုရား)*

ဟုတ်ပြီ၊ သိပ်မှန်သွားပြီပေါ့။ ကြည့်စမ်းပါဦး။ ဒီဝိညာဏ်စသော ခန္ဓာငါးပါးတို့သည် မိမိပြုတာလား။

*(မဟုတ်ပါဘုရား)*

သူတစ်ပါးပြုတာလား။

*(မဟုတ်ပါဘုရား)*

မိမိ၊ သူတစ်ပါး ပြုတာလား။

*(မဟုတ်ပါဘုရား)*

မိုးပေါ်က ကျလာတာလား။

*(မဟုတ်ပါဘုရား)*

ဘာကြောင့် ဖြစ်လာတာပါလိမ့်။

*(သင်္ခါရကြောင့် ဖြစ်ရတာပါဘုရား)*

သင်္ခါရကို မြန်မာလို ဘာခေါ်ပါလိမ့်။

http://www.dhammadownload.com



*(ပြုလုပ်တာကို ခေါ်ပါတယ်ဘုရား)*

ဪ...ဒါဆိုရင် အကောင်းအဆိုးတွေကို ပြုလုပ်ခြင်း သတ္တိကြောင့် ပဋိသန္ဓေဝိညာဏ် စသော ခန္ဓာငါးပါး ရလာတာပေါ့ ဟုတ်ရဲ့လား။

*(ဟုတ်ပါတယ်ဘုရား)*

ဒီတော့ ထိုသင်္ခါရကကော အလိုလိုဖြစ်လာတာလည်း မဟုတ်၊ သူတစ်ပါးပေးတာလည်း မဟုတ်လို့ သိရသောကြောင့် ဘယ်အကြောင်းကြောင့် ဖြစ်လာရပါလိမ့်။

(အဝိဇ္ဇာအကြောင်းကြောင့် ဖြစ်လာရပါတယ်ဘုရား)

ဒီတော့ အဝိဇ္ဇာကို မြန်မာလို ဘာခေါ်ပါလိမ့်။

*(မသိတာကို အဝိဇ္ဇာလို့ခေါ်ပါတယ်ဘုရား)*

ဪ...ဒါဆိုရင် မသိလို့ ပြုလုပ်တာပေါ့၊

http://www.dhammadownload.com



မှန်ရဲ့လား။

*(မှန်ပါတယ်ဘုရား)*

ဒီအဝိဇ္ဇာကလည်း မိမိပြုတာလား။

*(မဟုတ်ပါဘုရား)*

သူတစ်ပါးပြုတာလား။

*(မဟုတ်ပါဘုရား)*

မိမိ၊ သူတစ်ပါး ပြုတာလား။

*(မဟုတ်ပါဘုရား)*

ဘာကြောင့်များ ဖြစ်ပါလိမ့်။

*(အာသဝေါတရားကြောင့် ဖြစ်ရတာပါဘုရား)*

အာသဝေါတရားဆိုတာ ဘယ်သဘောရှိပါလိမ့်။

*(ဖွဲ့စည်းခြင်း၊ ယိုစီးခြင်းသဘောရှိပါတယ်ဘုရား)*

ဘယ်ပါဠိကိုထောက်၍ သိရသလဲဆိုတော့

http://www.dhammadownload.com



အာသဝ သမုဒယာ–အဝိဇ္ဇာသမုဒယောကို ထောက်၍ မသိနိုင်ဘူးလား။

*(သိနိုင်ပါတယ်ဘုရား)*

ဒါဖြင့်ရင် အဝိဇ္ဇာကြောင့် သင်္ခါရဖြစ်တာ၊ သင်္ခါရကြောင့် ဝိညာဏ်ဖြစ်တာလို့ ဟောထားတော့ အကြောင်းနှင့်တကွ ဖြစ်ပေါ်လာသော အကျိုးတရားတွေကို သိလာရပြန်တယ်။

အကြောင်းအနန္တ–အကျိုးအနန္တ ဆက်စပ်မှုတွေ ရှိ,မရှိ။

*(ရှိပါတယ်ဘုရား)*

အကြောင်းမှန်သမျှတွေကလည်း အတည်မလိုက်ဘဲ ပျက်တတ်တယ် မဟုတ်လား။ အကျိုးမှန်သမျှတွေကလည်း အမြဲတမ်းဖြစ်နေတယ်မဟုတ်လား။

*(ဟုတ်ပါတယ်ဘုရား)*

ဒီတော့ ယောဂီ အကြောင်းတရားတွေဟာ

http://www.dhammadownload.com



အမြဲတမ်း ပျက်စီးနေတာမြင်တော့ သဿတဒိဋ္ဌိ မစင်ဘူးလား။

*(စင်ပါတယ်ဘုရား)*

အကျိုးတရားတွေကလည်း အမြဲမပြတ် စက္ကန့်တိုင်း၊ စက္ကန့်တိုင်း မဖြစ်နေဘူးလား။

*(ဖြစ်နေပါတယ်ဘုရား)*

ဖြစ်ပေါ်နေသော အကျိုးတရားတွေဟာ ခိုင်မြဲခြင်းမရှိတာကို မြင်ပြန်တော့ ဥစ္ဆေဒဒိဋ္ဌိ မစင်ဘူးလား။

*(စင်ပါတယ်ဘုရား)*

ပြန်ရှင်းပါ့မယ်။ ဘဝများစွာ သံသရာက ရရှိခဲ့တဲ့ ခန္ဓာတွေဟာ အမြဲမပြတ် ပျက်စီးမနေ ဘူးလား။

*(ပျက်စီးနေပါတယ်ဘုရား)*

ထပ်ဆင့် ထပ်ဆင့်လည်း ဖြစ်မနေဘူး လား။

http://www.dhammadownload.com



*(ဖြစ်နေပါတယ်ဘုရား)*

ဒါဆိုရင် ဤခန္ဓာကိုယ်ကြီးဟာ ဖြစ်လည်းဖြစ်တယ်၊ ပျက်လည်းပျက်တယ်ဆိုတော့ ခိုင်မြဲခြင်း ရှိပါ့မလား။

*(မရှိပါဘုရား)*

ဒါကြောင့် ဖြစ်–ဖြစ်နေတာမြင်ရင် ဘာဒိဋ္ဌိစင်တယ်။

*(ဥစ္ဆေဒဒိဋ္ဌိ စင်ပါတယ်ဘုရား)*

ပျက်–ပျက်နေတာ မြင်ရင် ဘာဒိဋ္ဌိစင်တယ်။

*(သဿတဒိဋ္ဌိစင်ပါတယ်ဘုရား)*

အဖြစ်ရော အပျက်ရော ခန္ဓာပေါ်ဝယ် ဉာဏ်ဖြင့် မြင်ခဲ့ငြားအံ့၊ ဘာဒိဋ္ဌိစင်ပါလိမ့်။

*(သက္ကာယဒိဋ္ဌိပါဘုရား)*

ဒီ ဒိဋ္ဌိတွေကလည်း ဓားနှင့်ခုတ်၊ တုတ်နှင့်ရိုက်လို့ကော သေပါ့မလား။

http://www.dhammadownload.com



*(မသေနိုင်ပါဘုရား)*

ဟုတ်ကဲ့လား၊ ဘာလုပ်မှ သေမှာပါလိမ့်။

*(ခန္ဓာဉာဏ်ရောက်တဲ့ ဝိပဿနာရှုပါမှ သေနိုင်မှာပါဘုရား)*

ကဲ... ထပ်မေးပါ့မယ်၊ ဒီခန္ဓာကိုယ်ကြီးဟာ ဖြစ်စေပြီးနောက် မျက်တောင်တစ်ခတ်လျှပ်တစ်ပြက်မှ ခိုင်ခန့်တည်တံ့ခြင်းမရှိဘဲ ပျက်သွားတာမြင်တော့ ဘာဒိဋ္ဌိကွာပါလိမ့်။

*(သဿတဒိဋ္ဌိပါဘုရား)*

အမြဲမပြတ် ဖြစ်နေတာကိုမြင်ရင် ဘာဒိဋ္ဌိစင်။

*(ဥစ္ဆေဒဒိဋ္ဌိပါဘုရား)*

အဖြစ်ရော အပျက်ရော နှစ်ခုလုံး မြင်နေတော့ ဘာဒိဋ္ဌိစင်မှာလဲ။

*(သက္ကာယဒိဋ္ဌိပါဘုရား)*

ဒါဖြင့်ရင် ဒီ ပဋ္ဌိစ္စသမုပ္ပာဒ် ၁၂ ပါးကို

http://www.dhammadownload.com



ပညတ်နှင့် ပရမတ် ခွဲကြရအောင်၊ အဝိဇ္ဇာအစ ဇရာမရဏအဆုံး ၁၂ လုံးသော အင်္ဂါတို့ကို သမုတိနယ်တွင် ဘယ်လိုသုံးစွဲနေကြပါလိမ့်။ စဉ်းစားပြီးတော့ ဉာဏ်ဖြင့်ဖြေပါ၊ ရမ်းမဖြေပါနဲ့။ ဤခန္ဓာကိုယ်ကြီးကို ဘယ်လိုခေါ်ထားတယ်။

*(လူတွေလို့ ခေါ်ပါတယ်ဘုရား)*

ပြီးတော့-

*(နတ်တွေလို့ ခေါ်ပါတယ်ဘုရား)*

ပြီးတော့-

*(ဗြဟ္မာတွေလို့ သမုတိသစ္စာနယ်အားဖြင့် ခေါ်ဝေါ်နေကြပါတယ်ဘုရား)*

ထိုအသုံးအစွဲတွေဟာ တကယ်ကော ရှိပါသလား။

*(မရှိပါဘုရား)*

တကယ်ရှိတာတွေက ပဋိစ္စမုပ္ပါဒ် အင်္ဂါ

http://www.dhammadownload.com



၁၂ ပါးသည် တကယ်ရှိသောတရား မဟုတ်ဘူးလား။

*(ဟုတ်ပါတယ်ဘုရား)*

ဪ...ဒါဆိုရင် အလွန်တန်ဖိုးကြီးတဲ့ တရားတွေပေါ့ ဟုတ်ကဲ့လား၊ ဒါဖြင့် ပဋိစ္စသမုပ္ပာဒ်၌ အင်္ဂါ ၁၂ ပါးက တကယ်ရှိသော တရားမို့လို ပရမတ်ပေါ့–ရှင်းရဲ့လား။

*(ရှင်းပါတယ်ဘုရား)*

လူနတ်ဗြဟ္မာတွေဆိုတာ တကယ်မရှိခြင်းကြောင့် ပညတ်တရား မဖြစ်ဘူးလား။

*(ဖြစ်ပါတယ်ဘုရား)*

ဒီ ပညတ် ပရမတ် ကွဲသွားတော့ ဒိဋ္ဌိဝိစိကိစ္ဆာပဟာ နေနသောတာပန္နော နာမဟောတိ လို့ ဘုရား အမိန့်မရှိဘူးလား။

*(ရှိပါတယ်ဘုရား)*

အပါယ်တံခါးကော မပိတ်ဘူးလား။

http://www.dhammadownload.com



*(ပိတ်ပါတယ်ဘုရား)*

ဟုတ်ပြီ၊ ဒါဆိုရင် ဥပါဒါန်၏ အာရုံဖြစ်သော ခန္ဓာငါးပါးပိုင်ရှင် ကိလေသာ ဒင်းဂျမ်းပြည့်နေသော ပုထုဇဉ်ပုဂ္ဂိုလ်တို့၏ သန္တာန်ဝယ်ရအပ်သော တရားကိုယ်က ဘယ်နှစ်ပါးရှိပါလိမ့်။ နှလုံးသွင်း၍ ဖြေပါ။ ရှစ်ပါး ရှိတယ်မဟုတ်လား၊ ဘယ်နှစ်ပါးပါလိမ့်။

*(ရှစ်ပါးပါဘုရား)*

ရှစ်ပါးက ဘာတွေပါလိမ့်၊ ထောက်ပြစမ်းပါ။

*(ဝိညာဏ်၊ နာမ်ရုပ်၊ သဠာယတန၊ ဖဿ၊ ဝေဒနာ၊ တဏှာ၊ ဥပါဒါန်၊ ကမ္မဘဝဟူသော တရားကိုယ် ရှစ်ပါးတို့သည် ပုထုဇဉ်တို့ သန္တာန်မှာ ရနိုင်ပါတယ်ဘုရား)*

ဒီရှစ်ပါးတို့တွင် "လောင်စာနှင့်မီး တွဲလျက်ပြီး"ဆိုသောကြောင့် ဘာက လောင်စာ

http://www.dhammadownload.com



ခေါ်ပါလိမ့်။

*(ဝိညာဏ်စသော ခန္ဓာငါးပါးသည် လောင်စာဖြစ်ပါတယ်ဘုရား)*

မီးဆိုတာက ဘာတွေပါလိမ့်။

*(တဏှာနှင့် ဥပါဒါန်ဟာ ကိလေသာဖြစ်ခြင်းကြောင့် မီးသဘောရှိပါတယ်ဘုရား)*

ကမ္မဘဝသည် သင်္ခါရမျိုးဖြစ်သောကြောင့် မီးဆက်ခြင်းသဘော ရှိပါတယ်။

သစ္စာနည်းနှင့်ပြတော့ ခန္ဓာငါးပါးသည် ဘာသစ္စာပါလိမ့်။

*(ဒုက္ခသစ္စာပါဘုရား)*

တဏှာ ဥပါဒါန်ကကော။

*(သမုဒယသစ္စာပါဘုရား)*

ဒီတရားများစွာတို့မှာ ဒုက္ခသစ္စာထိုက်နေတဲ့ပုဂ္ဂိုလ်တွေက ဘယ်သူတွေပါလိမ့်၊ လူနတ်ဗြဟ္မာတွေဟာ အားလုံး ဒုက္ခသစ္စာထိုက်တဲ့သူ

http://www.dhammadownload.com



တွေ မဟုတ်ဘူးလား။

*(ဟုတ်ပါတယ်ဘုရား)*

ဒါဆို လူမင်းစည်းစိမ်၊ နတ်မင်းစည်းစိမ်၊ ဗြဟ္မာမင်းစည်းစိမ်တွေဟာ တကယ့်ချမ်းသာ မဟုတ်၊ ဒုက္ခသစ္စာတွေပဲလို့ ဘယ်ပုဂ္ဂိုလ်က ဟောကြားခဲ့ပါလိမ့်။

*(ဘုရားရှင်ကိုယ်တော်မြတ်ကြီးက ဟောကြားခဲ့ပါတယ်ဘုရား)*

ဘယ်ပါဠိတော်ကို ထောက်ပြီး သိရသလဲ ဆိုတော့ သံခိတ္တေန ပဉ္စုပါဒါနက္ခန္ဓာ ပိဒုက္ခာ ကိုထောက်ရင် မသိရဘူးလား။

*(သိရပါတယ်ဘုရား)*

ထိုဥပါဒါန်၏ အာရုံမှလွတ်သောတရား ကို ဘာခေါ်ပါလိမ့်။

*(အနုပါဒါနက္ခန္ဓာလို့ ခေါ်ပါတယ်ဘုရား)*

တဏှာ ဥပါဒါန် လောင်သေးရဲ့လား၊

http://www.dhammadownload.com



တုန်လှုပ်ချောက်ချားမှုကော ရှိသေးလို့လား။

*(မရှိပါဘုရား)*

သန္တိလက္ခဏာကော မရှိဘူးလား။

*(ရှိပါတယ်ဘုရား)*

အထူးချမ်းသာခြင်းကို မခံစားရဘူးလား။

*(ခံစားရပါတယ်ဘုရား)*

ဒါကြောင့် ဘုရားရှင်က အနိဿိတဿ စလိတ္တံ နတ္ထိတဲ့၊ အနက်ကတော့ အနိဿိ တဿ တဏှာဒိဋ္ဌိတို့နှင့် အမြဲယှက်သောသူ အား စလိတံ တုန်လှုပ်ခြင်းသည် နတ္ထိမရှိ၊ ဒါကြောင့် အနုပါဒါနဟု ဆိုအပ်သော စိတ် တုန်လှုပ်ခြင်းမရှိ၍တဲ့ သန္တိသုခ အငြိမ်းဓာတ် နိဗ္ဗာန်ကို မရ အရ အားထုတ်ရမှာလား၊ မထုတ်ရဘူးလား။

*(ထုတ်ရမှာပါဘုရား)*

အားထုတ်ရမယ်ဆိုတော့ တခြားမှာ ရှာရ

http://www.dhammadownload.com



မှာလား၊ ခန္ဓာထဲမှာလား။

*(ခန္ဓာထဲမှာပါဘုရား)*

ဒါကြောင့် သင်္ခါရနှင့် ဝိညာဏ်ကို အသိနှင့်ဖြတ်ပြီး ဝေဒနာနှင့် တဏှာကိုကျတော့ ဝိပဿနာနှင့်ဖြတ်ပြီး ကမ္မဘဝနှင့် ဇာတိကိုတော့ မဂ်နှင့်ဖြတ်ပါမှ ပြတ်တယ်။ ဒါကြောင့် ဘယ်အာရုံပေါ်ပေါ်၊ ပေါ်တိုင်း အာရုံမှန်သမျှတွေကို သတိထား၊ ဝီရိယစိုက်၊ ပညာဖြင့် ရှုမှတ်နိုင်ပါမှ ပဋိစ္စသမုပ္ပာဒ် သံသရာစက်ရဟာတ်ကြီး ရပ်သွားမှာပေါ့။ ဒါမှမဟုတ်ရင် သံသရာခန္ဓာတွေ အမြဲမပြတ် လည်ပတ်ပြီး ဒုက္ခသစ္စာထိုက်ခါ အိုပွဲ၊ နာပွဲ၊ သေပွဲဇာတ်သိမ်းမှာ မဟုတ်တော့ဘူး။ ရှင်းရဲ့လား။

*(ရှင်းပါတယ်ဘုရား)*

တရားရှုမှတ်တဲ့နေရာမှာ ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မလေးဖြာ သတိပဋ္ဌာန်ဟု မိန့်ထားလေ

http://www.dhammadownload.com



တော့ ကိုယ်၏ အစိတ်အပိုင်းမှ ဘာပေါ်ပေါ် ပေါ်တာတွေကို သတိကြီးကြီးထားပြီး စောင့်ကြည့်ပါ။ အကြည့်ခံနဲ့ အကြည့်ဉာဏ်ပဲ တွေ့မှာပဲ။ အကြည့်ခံဖြစ်တဲ့ ခန္ဓာသဘောက ဖြစ်ပျက်နေတယ်။ ကြည့်နေတယ်လို့ သိမှတ် သိမှတ်နေတာက ဉာဏ်ပေါ့။ ရှင်းရဲ့လား။

*(ရှင်းပါတယ်ဘုရား)*

ခံစားမှုဝေဒနာ ပေါ်ရင်လည်း သတိသာ ကပ်ကြည့်၊ စိတ်ကူးပဲပေါ်ပေါ်၊ ဘယ်အာရုံပဲပေါ်ပေါ် ပေါ်နေတာခန္ဓာ၊ ကြည့်နေတာ ဉာဏ်ပဲ။ မှန်ရဲ့လား။

*(မှန်ပါတယ်ဘုရား)*

မြင်အာရုံ၊ ကြားအာရုံ စတဲ့ ဘာသဘော ပဲပေါ်ပေါ် သဘောကလေးတွေဟာလည်း အမြဲတမ်း ဖြစ်ပြီး ပျက်နေတာပဲရှိတယ်။ အဖြစ်သဘောနှင့် အပျက်သဘောမှတစ်ပါး

http://www.dhammadownload.com



ရှိရဲ့လား။

*(မရှိပါဘုရား)*

ဒါကြောင့် ပထမပေါ်တာကို သိအောင်ကြိုးစားပါ၊ ဒုတိယပြောင်းလဲနေတာတွေကို မြင်အောင်ကြိုးစားပါ။ တတိယငြိမ်းသွားတာကို မြင်အောင်ကြိုးစားပါ။ ဒီသုံးခု ပိုင်ရင် ကိစ္စပြီးမှာပဲ၊ နားလည်ရဲ့လား။

*(လည်ပါတယ်ဘုရား)*

မရှင်းရင် ထပ်မေးပါနော်။

ကိုယ့်ဖြစ်စဉ်ကို ကိုယ်သိအောင် လုပ်ရမယ်။ ပုံသဏ္ဌာန် နိမိတ်တွေ မြင်နေသေးရင် ဒါ ပညတ်အမြင်ပဲရှိသေးတယ်။ အပြောခန္ဓာကို မတွေ့ဘဲ သဘောခန္ဓာကိုတွေ့မှ ပရမတ်အမြင်၊ ခန္ဓာက ဘာပဲပြပြ ဒါ အမှန်တွေကို ပြနေတာ၊ ကိုယ့်ဖြစ်စဉ်ကို ကိုယ်မမြင်သေးရင် ပဋိစ္စသမုပ္ပါဒ်လည်လမ်းကို ရောက်နေတယ်

http://www.dhammadownload.com



မှတ်။

*(မှန်ပါ့ဘုရား)*

လူတွေက လုပ်သင့်တာ မလုပ်ကြဘူး။ မလုပ်သင့်တာကျတော့ လုပ်နေကြတယ်။ လက်တွေ့ကျင့်စဉ်ကျတော့ ရှောင်ဖယ် ရှောင်ဖယ်နဲ့ အတုတွေနဲ့ အချိန်ကုန်နေကြတယ်။ လက်ရှိဘဝကလေးကို တန်ဖိုးရှိရှိ အသုံးမချတတ်ကြဘူး။ ဒါကြောင့် တစ်သံသရာလုံး ဒုက္ခရောက်နေကြတယ်။

တရားဆိုတာ ဘုရားရှေ့မှာ ထိုင်နိုင်မှ ဖြစ်တာမဟုတ်ဘူး။ အိပ်နေရင်းနဲ့ လေကလေးကို မှန်မှန်ရှူပြီး စိတ်ကိုလျှော့ပြီး အေးအေးဆေးဆေးနေကာ၊ စိတ်ကို နှာခေါင်းဖျားမှာ ကပ်ထားပြီး မှတ်နေကာ ဘယ်နေရာက ပေါ်ပေါ် ဉာဏ်ကလေးနဲ့ ထောက်ကြည့်ထား၊ အကြည့်ခံ ဖောက်ပြန်နေတာလေးဟာ တစ်ခု

ချင်း တစ်ခုချင်း တဖြုတ်ဖြုတ်ပေါ်လာပြီး ပျောက်ပျောက်နေတာကို တွေ့မြင်အောင် ကြည့်ပါ။ လယ်ကွင်းထဲမှာပြေးနေတဲ့ဆင်ကို မြင်ဘိသကဲ့သို့ ကွင်းကွင်းကွက်ကွက် ရှင်းရှင်း လင်းလင်း တွေ့လာပြီး ရှုမှတ်ဖန်များလေ အထူးသိလာလေ။ တချိန်ချိန်မှာ ဒီ တလှုပ်လှုပ် တဖြုတ်ဖြုတ် ဖြစ်ပျက်နေတာတွေ ဖြတ်ဆို ချုပ်ငြိမ်းတဲ့ ဓမ္မအာရုံထူးကို လက်တွေ့ခံစား သွားမှာပါပဲ။

တရားဆိုတာ ထိုင်ခုံမှာ ထိုင်နေရင်း မှတ် လည်း ရတယ်။ နောက် ထမင်းချက်ရင်း လည်း ရတယ်နော်။ စားနေရင်းလည်း အကဲခတ် လို့သာထား၊ အမူအရာတိုင်းမှာ မှတ်ရင် တစ် ချိန်ချိန်မှာ ဓမ္မအရသာကို ခံစားရမှာနော်။ လမ်းလျှောက်တော့လည်း ကိုယ်အမူအရာ ကလေးတွေဟာ တဖျတ်ဖျတ် တရိပ်ရိပ်

http://www.dhammadownload.com

http://www.dhammadownload.com



ပြောင်းလဲပြီး ဖြစ်ပျက်နေတာတွေကို မြင်နေလာရင် စက်ြဲလျှောက်နေရင်၊ ရပ်နေရင် ဘယ်ဣရိယာပုဒ်မဆို အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက်မှောက်ပြုသွားနိုင်တယ်။

အရေးကြီးတာကတော့ အထူးသတိထားပြီး ကြည့်နေဖို့ပဲနော်။ အကဲခတ်နေဖို့၊ စောင့်ကြည့်နေဖို့က အဓိကလိုရင်း ပဓာနအလုပ်ပါပဲ။ တရားမှတ်တဲ့အခါ ထိုင်၍ဖြစ်စေ၊ ရပ်၍ဖြစ်စေ၊ အိပ်၍ဖြစ်စေ၊ စင်္ကြံဖြင့်ဖြစ်စေ၊ စာရင်းဖြစ်စေ မြင်စိတ်၊ ကြားစိတ် စသော အာရုံများမှာဖြစ်စေ၊ အပင်ပန်းတကြီး လုပ်မရှုဖို့ လိုတယ်။ တသီးပုဂ္ဂလအားစိုက်ပြီး မလုပ်ရပါ။ စိတ်ကိုချမ်းသာသောအနေအထားကို ယူပြီး အကဲခတ်ကာ စောင့်ကြည့်ပြီး မှတ်နေ ဖို့ပဲ။ အိပ်ချင်စိတ်ပေါ်ရင်လည်း စူးစူးစိုက်စိုက် ဖမ်းမှတ်ဖို့၊ စိတ်ကူးပေါ်လည်း စောင့်ကြည့်

http://www.dhammadownload.com



ဖို့ပဲ။ အကျဉ်းချုံးပြောရင် ဣရိယာပုဒ်တိုင်းမှာ အမူအရာတိုင်းမှာ သိနေပြီး တဖြုတ်ဖြုတ် ချုပ်ပျောက်နေတာကို စိတ်အေးကိုယ်အေး မြင်ဖို့ပါပဲ။ ဆင်းရဲတဲ့ ဒုက္ခဝေဒနာ ပေါ်ရင် လည်း ခန္တီတရားကို လက်ကိုင်ထားပြီး ရှုမှတ် နိုင်အောင် ကြိုးစားဖို့ပဲ။ အရေးကြီးတာက ဘာဝေဒနာပေါ်ပေါ် ထူးခြားစွာပေါ်နေတဲ့ ခံစား မှုဝေဒနာကို စသိပါ။ ပြီးတော့ ဒီခံစားနေတဲ့ ပြောင်းလဲမှု သဘောလက္ခဏာကို မြင်အောင် ကြည့်ပါ။ နောက်ဆုံးခံစားမှုတွေ ဖြစ်ပျက်ပြီးနေ ရင် မဖြစ်ပျက်တဲ့ အငြိမ်းဓာတ်နိဗ္ဗာန်ကို မျက် မှောက်ပြုရန် ကြိုးစားဖို့ပါပဲ။ ယခုလို ကံ ကောင်းထောက်မလို့ သာသနာတော်ကြီးမှာ ဆုံတွေ့ခိုက် မင်္ဂဉာဏ်ဖိုလ်ဉာဏ်နှင့် မလွဲချော် ကြစေဖို့ အလွန်တရာကြုံခဲလှစွာသော မြတ်ဗုဒ္ဓ အဆုံးအမတရားတွေ မိမိခန္ဓာမှာတည်ပြီး

http://www.dhammadownload.com



အပါယဂမနိယဘေးမှ ကင်းဝေးစေကြောင်း နည်းလမ်းကောင်းရှိပါလျက် ရှောင်ဖယ်ဖယ် နေသွားကြရင်ဖြင့် နီးလျက်နဲ့ ဝေးသွားတော့မှာ အမှန်ပါ။ ဒါကြောင့် မိမိတို့ဉာဏ်ကို အသုံးချ ကြပြီး အန္တရာယ်ကင်းပျောက် ချမ်းသာထူး ရကြရလေအောင် ကြိုးစားကြပါဟု တိုက်တွန်း ရင်း ဒီနေ့ အချိန်လည်းစေ့ပြီ၊ နာရီလည်း စေ့ပြီဖြစ်တဲ့အတွက် တော်ကြဦးစို့။

*(သာဓု... သာဓု... သာဓုပါဘုရား)*

ဆရာတော်မေတ္တာကြောင့် လူတိုင်း တရား ထူး တွေ့ကြပါစေ။

**သတ္တဝါဟူသရွေ့ တရားထူးတွေ့**

**ချမ်းမြေ့ကြပါစေ။**

http://www.dhammadownload.com



## ရတနာသုံးပါးအား ကန်တော့ရန်

ဩကာသ၊ ဩကာသ၊ ဩကာသ ကာယကံ၊ ဝစီကံ၊ မနောကံ တည်းဟူသော၊ အပြစ်ခပ်သိမ်း၊ ပပျောက်ငြိမ်း၍ အသက်ရှည်စွာ၊ အနာမဲ့ရေး၊ ရန်ဘေးကင်းကြောင်း ကောင်းမှု မင်္ဂလာ၊ ဖြစ်ပါစေခြင်းအကျိုးငှာ ဘုရားရတနာ၊ တရားရတနာ၊ သံဃာရတနာတည်းဟူသော ရတနာမြတ်သုံးပါး (ဆရာသမား) တို့ကို အရိုအသေ အလေးအမြတ်၊ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျော့ ကန်တော့ပါ၏အရှင်ဘုရား။ ကန်တော့ရသော ကောင်းမှုကုသိုလ်ကံ စေတနာတို့ကြောင့် တပည့်တော်

http://www.dhammadownload.com



တို့ အားထုတ်ဆဲ အားထုတ်လတ္တံ့ဖြစ်သော ဒါန သီလ စေတနာကံနှင့်တကွ ဝိပဿနာ ဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား။

## တရားအားထုတ်ခါနီး ပရိကံပြုရန်

"အဟံဘန္တေ သံသာရဝဋ္ဋ ဒုက္ခတော မောစနတ္ထာယ ဣမံ အတ္တာနံ ဗုဒ္ဓဿ ဓမ္မဿ သံဃဿ အာစရိယဿ အတ္ထာယ ဇီဝိတံ နိယျာဒေမိ ပရိစ္စဇာမိ"

ဘန္တေ–အရှင်ဘုရား၊ အဟံ–တပည့်တော်သည်၊ သံသာရဝဋ္ဋ ဒုက္ခတော–သံသရာတည်းဟူသော ဝဋ်ဆင်းရဲဆားအပေါင်းမှ၊ မောစနတ္ထာယ–လွတ်မြောက်ပါရစေခြင်းအကျိုးငှာ၊ ဣမံ အတ္တာနံ–ဤခန္ဓာငါးပါးကို၊ ဗုဒ္ဓဿ–မြတ်စွာဘုရားအားလည်းကောင်း၊ ဓမ္မဿ–တရားတော်

http://www.dhammadownload.com



မြတ်အားလည်းကောင်း၊ သံဃဿ–သံဃာတော်မြတ်အားလည်းကောင်း၊ အာစရိယဿ–ဆရာမြတ်အားလည်းကောင်း၊ အတ္တာယ–အကျိုးငှာ၊ ဇီဝိတံ–အသက်ကို၊ နိယျာဒေမိ–အပ်နှင်းပါ၏။ ပရိစ္စဇာမိ–လှူဒါန်းစွန့်ကြဲပါ၏ အရှင်ဘုရား။

"ဇီဝိတံ စဇမာနောပိ သိက္ခာပဒါဟံ နစဇာမိ"

ဇီဝိတံ–အသက်ကို၊ စဇမာနောပိ–စွန့်လွှတ်ငြားသော်လည်း၊ သိက္ခာပဒံ–ကိုယ်ကျင့်သီလတော်မြတ်ကို၊ အဟံ–တပည့်တော်သည်၊ နစဇာမိ–မစွန့်လွှတ်ပါ အရှင်ဘုရား။

အရှင်ဘုရား... တပည့်တော်များသည် တရားအားထုတ်ဆဲခဏ၌ ကြောက်ခြင်း၊ လန့်ခြင်း၊ စိုးရိမ်ခြင်း၊ ပူဆွေးခြင်း၊ ကိုယ်ဆင်းရဲစိတ်ဆင်းရဲကင်း၍ အားထုတ်ဆဲ၊ အားထုတ်

http://www.dhammadownload.com



လတ္တံ့ဖြစ်သော ဒါန၊ သီလ၊ စေတနာ ကံနှင့် တကွ ဝိပဿနာဉာဏ်သည် မဂ်ဉာဏ်သို့ ကျေးဇူးပြု၍ နိဗ္ဗာန်သို့ မျက်မှောက်ပြုရပါလို၏ အရှင်ဘုရား...

**တရားအားထုတ်ပြီး**
**အနန္တငါးပါးကို ပူဇော်ကန်တော့ရန်**

"ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ၊ ဓမ္မံပူဇေမိ၊ သံဃံပူဇေမိ"

ဣမာယဓမ္မာနု ဓမ္မပဋိပတ္တိယာ–မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ဉ်လောကုတ္တရာတရားကိုးပါးအားလျော်သော ကျင့်ဝတ် ပဋိပတ်ဖြင့်၊ ဗုဒ္ဓံ–မြတ်စွာဘုရားကို။ ဓမ္မံ–တရားတော်မြတ်ကို။ သံဃံ–သံဃာတော်မြတ်အပေါင်းကို၊ မိဘ ဘိုးဘွား ဆရာသမားများကို၊ ပူဇေမိ–ပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com



**ဆုတောင်းရန်**

"အဒ္ဓါ ဣမာယ ပဋိပတ္တိယာ ဇာတိဇရာ ဗျာဓိမရဏမှာ ပရိမုစ္စိဿာမိ"

ဣမာယပဋိပတ္တိယာ–မဂ်လေးတန်၊ ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ၉ါးလောကုတ္တရာ တရားကိုးပါးအားလျော်သော ကျင့်ဝတ်ပဋိပတ် ကြောင့်၊ ဇာတိဇရာ ဗျာဓိ မရဏမှာ၊ ပဋိသန္ဓေ နေရခြင်း၊ အိုရခြင်း၊ နာရခြင်း၊ သေရခြင်းတို့မှ၊ အဒ္ဓါ – မချွတ်ဧကန်၊ ပရိမုစ္စိဿာမိ – လွတ် မြောက်ရပါလို၏ အရှင်ဘုရား။

**မေတ္တာပို့**

* အထက်အရပ်မှာ များသတ္တဝါ ချမ်းသာ ကိုယ်စိတ် မြဲကြပါစေ။
  အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်း ချမ်းသာကြပါစေ။

http://www.dhammadownload.com



* အောက်အရပ်မှာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
* အနန္တစကြဝဠာ များသတ္တဝါ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
* တရားဟော တရားနာ ဘေးရန်ကွာ ချမ်းသာကိုယ်စိတ် မြဲကြပါစေ။
အန္တရာယ်ကင်း ဘေးတွေရှင်း လက်ငင်းချမ်းသာကြပါစေ။
* ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ကျန်းမာကြပါစေ။
* ကိုယ်စိတ်နှစ်ဖြာ ဘေးရန်ကွာ ချမ်းသာကြပါစေ။

http://www.dhammadownload.com



* မေတ္တာနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။
* မေတ္တာရန်သူ ဒေါသမှူ အပူကင်းပါစေ။
* မေတ္တာရေချမ်း ကိုယ်စီဖြန်း အေးချမ်းကြပါစေ။
* ခန္တီနှလုံး ကိုယ်စီသုံး ရွှင်ပြုံးကြပါစေ။
* တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း ငြိမ်းချမ်းကြပါစေ။

တို့မေတ္တာစွမ်း ကမ္ဘာလွှမ်း အေးချမ်းကြပါစေ။

## ဆုတောင်းအမျှဝေ

ဤသို့ပြုရ မြတ်ပုညကြောင့် အမတခေမံ ပြည်နိဗ္ဗာန်ကို ကေန်ထုတ်ချောက် ရောက်စေသော်...။ ယနေ့ယခု အားထုတ်သမျှ မြတ်ဘာဂကို မိဘဆရာ မျိုးသဟာနဲ့ ကိုယ်မှာစောင့်ကြပ် ကိုယ်စောင့်နတ်က အရင်းစ၍

http://www.dhammadownload.com



ရှိသမျှလုံးစုံ ဘုံသုံးဆယ့်တစ် ဖြစ်ဖြစ်သမျှ ရှိရှိသမျှ ဝေနေယျတို့ ရကြပါစေ ပေးငှဝေသည် များထွေသာဓု ခေါ်စေသော်...။

(အမျှ...အမျှ...အမျှ ယူတော်မူကြပါကုန်လော့...သာဓု... သာဓု...သာဓု...)၃

**ဆွမ်းသုံးဆောင်ခါနီး မေတ္တာပို့**

ယနေ့ အရဏ်ဆွမ်း / မွန်းတည့်ဆွမ်း လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ ... ဘေးရန်ကင်းကြပါစေ... ကိုယ်ဆင်းရဲကင်းကြပါစေ... စိတ်ဆင်းရဲကင်းကြပါစေ... ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ။

ယနေ့ အရဏ်ဆွမ်း/ မွန်းတည့်ဆွမ်း/ အဖျော်ရည် လှူဒါန်းကြကုန်သော အလှူရှင်မိသားစုတစ်တွေ... ဝေယျာဝစ္စ ပြုကြသူတွေ

http://www.dhammadownload.com



ဘေးရန်ကင်းကြပါစေ... ကိုယ်ဆင်းရဲကင်းကြပါစေ... စိတ်ဆင်းရဲကင်းကြပါစေ... ကိုယ်စိတ်နှစ်ဖြာ ချမ်းသာစွာဖြင့် မိမိတို့ခန္ဓာဝန်ကို ရွက်ဆောင်နိုင်ကြပါစေ...။

## ဆွမ်းသုံးဆောင်ခါနီး ဆင်ခြင်ရန်

ဤသည့်စားဖွယ်၊ အမယ်မယ်ကို၊ မြူးရယ်မာန်ကြွ၊ လှပရေဆင်း၊ ပြည့်ဖြိုးခြင်းငှာ၊ မသုံးပါဘူး၊ လေးဖြာဓာတ်ဆောင်၊ ဤကိုယ်ကောင်သည်၊ ရှည်အောင်တည်လျက်၊ အသက်မျှတမ်း၊ မမောပန်းငြား၊ ဘုရားသာသနာ၊ ကျင့်နှစ်ဖြာကို၊ ကျင့်ပါနိုင်စေ၊ ဝေဒနာဟောင်းသစ်၊ မဖြစ်စေရ၊ ယာပိုက်မျှလစ်၊ ခပ်သိမ်းပြစ်ကို၊ မဖြစ်လေအောင်၊ ချမ်းမြေ့အောင်ဟု၊ သုံးဆောင်မှီဝဲပါသတည်း။

http://www.dhammadownload.com



**ဆွမ်းသုံးဆောင်ခါနီး အမျှဝေ**

ယနေ့ယခု ပြုပြုသမျှ မြတ်ဘာဂကို သုံးဆယ့်တစ်ဘုံ ကျင်လည်ကုန်သာ ဝေနေယျ ဒုက္ခိတ သုခိတ သတ္တဝါအပေါင်းတို့ကို ကုသိုလ်ပြုလုပ် အကျွန်ုပ်တို့က အမျှကုသိုလ် ပေးဝေလို၏ အမျှရ၍ ချမ်းသာကြပါစေသော်...

(အမျှ...အမျှ...အမျှ...ယူတော်မူကြပါကုန်လော့။ သာဓု... သာဓု... သာဓု)[၃]

http://www.dhammadownload.com